## နိဒါန်း

မတူညီတဲ့နိုင်ငံနှစ်နိုင်ငံရဲ့ စာပေတွေကို နှိုင်းယှဉ်လေ့လာရေးပြုလုပ်ရာတွင် ယေဘုယျကောက်ချက်ဆွဲယူခြင်း၊ အလွန်အကျူး ညီမျှတူညီခြင်းဖြစ်အောင် အတင်းဆွဲယူသုံးသပ်ခြင်း၊ မရှိတဲ့ မတူညီမှုတွေကို အရမ်းကာရော ရှာလိုစိတ်တွေ များနေခြင်း အစရှိတဲ့ အန္တရာယ်တွေ ရှိနေနိုင်ပါတယ်။ တစ်ဖက်မှာလည်း နှိုင်းယှဉ်လေ့လာခြင်းဖြင့် ချဉ်းကပ်ခြင်းဟာ လေ့အစဉ်အလာတစ်ခုချင်းစီရဲ့ ထင်ရှားတဲ့လက္ခဏာတွေကို မီးမောင်းထိုးပြနိုင်တာရို့ နိုင်ငံရဲ့လွတ်လပ်ရေးအတွက် လူသားတို့ရဲ့ တီထွင်ဖန်တီးနိုင်စွမ်းတွေကို လှုံ့ဆော်တွန်းအားပေးသောအရာဝတ္ထုတွေအဖြစ် မှတ်ယူလို့ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း ထိုလက္ခဏာတွေဟာ သူတို့ကို ပုံဖော်ပေးတဲ့လူမှုရေးနဲ့ နိုင်ငံရေး အနေအထားတွေရဲ့ လွှမ်းမိုးပုံဖော်မှုနဲ့လည်း မကင်းဝေးနိုင်ပါဘူး။ အချစ်နှင့် ဘာသာရေးသည် ယဉ်ကျေးမှုပေါင်းများစွာတွင် တွေ့ရမည်ဖြစ်သော အရေးပါသည့်အကြောင်းအရာနှစ်ပါးဖြစ်လေသည်။ ထို့ကြောင့် အချစ်နှင့်ဘာသာရေးအား မည်သို့မှတ်ယူအရေးပြုမှုသည်ဆိုသည့်အပေါ်တွင် မတူညီသော လူ့အဖွဲ့အစည်းများသာမက တူညီသော လူ့အဖွဲ့အစည်းတွင်ပင်ဖြစ်သော်လည်း ကွဲပြားသောအချိန်ကာလခြင်းပေါ်မူတည်၍ ခြားနားကြပုံများပေါ်မူတည်၍ တန်ဖိုးထားခြင်းကွဲပြားပြောင်းလဲနိုင်ပါသည်။

သို့ဖြစ်ပါသောကြောင့် စာပေကို လေ့လာရာတွင် အတွေးအခေါ်များ၊ ယုံကြည်မှုနှင့် ထိုးထွင်းတီထွင်တတ်သော ဉာဏ်စွမ်းများကိုသာမက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အတွေးအခေါ်နှင့် ပညာရပ်ပိုင်းဆိုင်ရာ ဘဝအား နိုင်ငံရေး၊ လူမှုရေးအကြောင်းတရားများသည်လည်း ပုံဖော်သည်ဖြစ်ကြောင်းကို လေ့လာစမ်းစစ်ရမည်ဖြစ်ပါသည်။

ကိုလိုနီလက်အောက်ရှိ မြန်မာ့အတွေးအခေါ်၊ စာပေနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာမှုအပိုင်းကို လေ့လာရန်အတွက် စိတ်ဝင်စားခဲ့ခြင်းမှနေ၍ အခြားသော ကိုလိုနီလက်အောက်တွင် တူညီသောအတွေ့အကြုံ ခံစားခဲ့ရသော အာရှနိုင်ငံ အတွေးအခေါ်၊ စာပေနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာမှု အပိုင်းကို လေ့လာရန်အတွက် အခြားသော ကိုလိုနီလက်အောက်တွင် တူညီသောအတွေ့အကြုံ ခံစားခဲ့ရသော အာရှနိုင်ငံတစ်ခု၏ အတွေးအခေါ် စာပေ နှင့် ပညာရပ်ပိုင်းဆိုင်ရာကိုလည်း လေ့လာရန် စိတ်ဝင်စားခဲ့ရပါသည်။ ထိုမှ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံတွင် ယှဉ်တွဲလေ့လာရန်အတွက် ထင်ရှားစွာရှိနေပါသောကြောင့် ရွေးချယ်ဖြစ်ခဲ့ပါသည်။ ထိုနှစ်နိုင်ငံစလုံးသည် ဗြိတိသျှလက်အောက်ခံအဖြစ် ဆယ်စု နှစ်ပေါင်းများစွာ ကျရောက်ခဲ့ရသည်။ တချိန်တည်းမှာပင် တစ်နိုင်ငံချင်းသည် သူ၏ထင်ရှားသော လက္ခဏာဝိသေသများ သီးခြားစီ ပိုင်ဆိုင်ကြသည်။ မြန်မာနိုင်ငံသည် သူ၏အစောပိုင်းသမိုင်းကြောင်းကာလများကပင် အိန္ဒိယ၏ ယဉ်ကျေးမှုများကို လွှမ်းမိုးမှုခံယူခဲ့သည်။ ထိုလွှမ်းမိုးမှုများထဲတွင် ဗုဒ္ဓဘာသာသည် အရေးအပါဆုံးသောတစ်ချက် ဖြစ်သည်။ ထိုအချက်သည် မည်မျှအရေးပါခဲ့သည်ဟုဆိုရပါလျှင် "ဗမာဖြစ်ခြင်းသည် ဗုဒ္ဓဘာသာဖြစ်ခြင်းဖြစ်သည်"ဟုပင် ယေဘုယျအားဖြင့် ဆိုကြရမလို ဖြစ်ပါသည်။

အိန္ဒိယမှ တင်ပို့လာသော ယဉ်ကျေးမှုနှင့် ဘာသာရေးများထဲမှ ထိုဘာသာရေးကို ရွေးချယ်လျက် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မွေးစားယူခဲ့ကာ မတူညီသော လူ့အဖွဲ့အစည်းနှစ်ခုကြားတွင် တန်ဖိုးထားပုံများ ကွဲပြားစေခဲ့သည်။

ဗြိတိသျှကိုလိုနီတို့ မြန်မာပြည်အား သိမ်းပိုက်အုပ်စိုးလာချိန်တွင် အိန္ဒိယနှင့် အခြားအိမ်နီးချင်းနိုင်ငံတို့မှ ယဉ်ကျေးမှု လွှမ်းမိုးခြင်း ခံယူလာခဲ့သည်မှာ ကြာမြင့်လာခဲ့ပြီ ဖြစ်သည့်အတွက် မြန်မာပြည်အနေဖြင့် ထူးခြားထင်ရှားသည့် သီးခြားယဉ်ကျေးမှုလက္ခဏာများဖြင့် ရပ်တည်ခဲ့ပြီးဖြစ်သည်ဟု ပြောမည်ဆိုလျှင် ပြောနိုင်လေ၏။ ထို့ကြောင့် အတွေးအခေါ်နှင့် ပညာပိုင်းဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာတို့သည် အိန္ဒိယမှ နဂိုမူလတည်ခဲ့သော ဗုဒ္ဓဘာသာ မြန်မာနိုင်ငံနှင့် ဟိန္ဒူဘာသာ ထွန်းကားထင်ရှားသော လက်ရှိအိန္ဒိယနိုင်ငံတို့နှစ်ခုအား နှိုင်းယှဉ်ရမည်ဖြစ်လေသည်။

အိန္ဒိယနိုင်ငံအား နှိုင်းယှဉ်လေ့လာသင့်သည့် အကြောင်းကိစ္စရပ်တစ်ခု အဖြစ်ရွေးချယ်ရာတွင် ပြဿနာများ အနည်းငယ် ရှိလေ၏။ အိန္ဒိယတိုက်ငယ်တစ်ခုလုံးအတွက် ကျွန်မ ပြုစုရေးသားသောစာတမ်းတို့သည် လုံလောက်သော ကျေနပ်မှုကို ပေးစွမ်းနိုင်မည်ဟုမယူဆပါ။ သို့ဖြစ်ပါသောကြောင့် ကျွန်မအနေဖြင့်မြန်မာနိုင်ငံနှင့် ခပ်ဆင်ဆင်နှိုင်းယှဉ်ရေး အကြောင်းအရာတချို့ကို အာရုံစိုက်၍ လေ့လာရေးသားပြုစုခဲ့ပါသည်။ ယေဘုယျကောက်ချက်ဆွဲယူခြင်း၊ အလွန်အကျွံ ရိုးရှင်းအောင် ကြိုးပမ်းတင်ပြခြင်းမျိုး၏ အန္တရာယ်ကို လုံးဝရှောင်ရှားရန်ကား မလွယ်ကူခဲ့ပါချေ။ သို့သော် ယှဉ်တွဲယှဉ်ပြိုင်လေ့လာသော ချဉ်းကပ်မှုတွင် အတိုင်းအတာတစ်ခုအထိမျှတသော အတွေးအမြင်လေ့လာချက်များစွာ ပါရှိနေသည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ကျွန်မအနေဖြင့် ရှင်းအောင်ပြောထားချင်သည်မှာ ယခုလေ့လာသောစာအကြောင်းအရာသည် ထင်မြင်ချက်၊ မှန်းဆချက် ဝိညာဉ်များဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုတင်ပြသောအကြောင်းအရာတို့သည်သာ မှန်ကန်ကျိုးကြောင်းဆီလျော်၍ ယုတ္တိရှိပါသည်ဟု တင်ပြလိုသော ရည်ရွယ်ချက်မရှိပါဘဲလျက်ဖြစ်နိုင်ခြေရှိသော ကိုယ်ပိုင်ဘာသာပြန်ဆို၍ သဘောတရား နားလည်ချက်များကို ရှေ့တန်းတင်ထားသည်ကိုလည်း ရှင်းလင်းစွာ နားလည်စေလိုပါသည်။